# လစ်လပ်ရာထူး အလုပ်ကြေငြာစာ အမှတ်စဉ် ၂၀၄၂

| | | | |
|---|---|---|---|
| ရာထူးအမည် | စီမံချက်လက်ထောက် (Project Assistant) | အုပ်ချုပ်သူ အထက်အရာရှိ | စီမံချက်အရာရှိ (Project Officer) |
| တာဝန်ခံအုပ်ချုပ်ရမည့်သူ | မရှိ | တာဝန်ထမ်းဆောင်ရမည့် နေရာ | မိတ္ထီလာမြို့နယ် |
| လစ်လပ်နေရာ အရေအတွက် | **၁ နေရာ** | တာဝန်ထမ်းဆောင်ရမည့် ကာလ | ၈ လ (၂၀၂ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့ထိ) |

## SCVG အကြောင်း

SCVG အဖွဲ့သည် မြန်မာနိုင်ငံရှိ လူငယ်နှင့် ကလေးများအတွက် ဦးတည်ကာ ၂၀၀၇ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သည့် အကျိုးအမြတ် မယူသော အစိုးရမဟုတ်သော လူငယ်များ ဦးဆောင်သည့် ပြည်တွင်းအရပ်ဘက်အဖွဲ့အစည်း ဖြစ်ပါသည်။ SCVG သည် အိတ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက်စ် ကာကွယ်ရေး၊ လူငယ်စွမ်းဆောင်ရည်မြှင့်တင်ရေး၊ အရပ်ဘက်လူမှု အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ ကလေးသူငယ်အခွင့်အရေးများ မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေအထောက်အကူပြုရေး စသည့် စီမံချက်လုပ်ငန်းများမှတဆင့် လူငယ်နှင့် ကလေးသူငယ် ထောင်ပေါင်းများစွာအတွက် ကြိုးပမ်းဆောင်ရွက်လျက် ရှိပါသည်။

## ရာထူး၏ ရည်ရွယ်ချက်

တွဲလက်စီမံချက်၏ ကျေးလက်ဒေသရှိ ရွှေ့ပြောင်းသွားလာသူများနှင့် ၎င်းတို့၏ မိသားစုဝင်များကို ရွှေ့ပြောင်းသွားလာမှု မပြုမီ လုံခြုံစွာ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အသိပညာများ၊ ကျွမ်းကျင်မှုနှင့် အရည်အသွေးတိုးတက်မှုဆိုင်ရာ သင်တန်းများ တက်ရောက်နိုင်ရန် ကွင်းဆင်းစည်းရုံးခြင်း၊ ပံပိုးပေးနိုင်ရန်အတွက် ရည်ရွယ်ပါသည်။

## အဓိကလုပ်ဆောင်ရမည့် တာဝန်ဝတ္တရားများ

- စီမံချက်လုပ်ငန်းအစီအစဉ်များ ရေးဆွဲရာတွင် စီမံချက်အရာရှိအား ပါဝင်ပံ့ပိုးပေးနိုင်ရမည်။
- စီမံချက်မှချမှတ်ထားသော ကျွမ်းကျင်မှုနှင့် အရည်အသွေးတိုးတက်မှုဆိုင်ရာ သင်တန်းသားများကို တက်ရောက်နိုင်ရန် စည်းရုံးပံ့ပိုးပေးနိုင်ရမည်။
- ဒေသတွင်း သင့်တော်သော အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ရန် ချိတ်ဆက်ဆောင်ရွက်ပေးနိုင်ရမည်။
- လုပ်ငန်းအစီအစဉ်များ အကောင်အထည်ဖော်ရာတွင် အချိန်မီပြီးစီးဆောင်ရွက်နိုင်ရမည်။
- လုပ်ငန်းအသုံးစရိတ်များကို ကြိုတင်ခွင့်ပြုပေးထားသော ငွေကြေးပမာဏအတွင်း အကျိုးဝင်အောင် သုံးစွဲနိုင်ရမည်။
- လစဉ် လုပ်ငန်းငွေစာရင်းအသုံးစရိတ်လျာထားချက် ရေးဆွဲရာတွင် စီမံချက်အရာရှိအား ပံ့ပိုးကူညီ ပေးနိုင်ရမည်။

- လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့် ပတ်သက်၍ အထက်အရာရှိထံသို့ နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ အချိန်နှင့်တပြေးညီ အစီရင်ခံ တင်ပြနိုင်ရမည်။
- လစဉ်လုပ်ငန်းအစီရင်ခံစာများကို စီမံချက်အရာရှိထံ အချိန်မီတင်ပြနိုင်ရမည်။
- ရပ်ရွာအတွင်း ဆောင်ရွက်ထားသော လုပ်ငန်းစဉ်များအပေါ် ပြန်လည်သုံးသပ်အစီအရင်ခံ တင်ပြရမည်။
- လုပ်ငန်းအစီရင်ခံစာများအတွက် စီမံချက်အရာရှိအား လိုအပ်သောပံ့ပိုးကူညီမှုများ ပေးနိုင်ရမည်။
- အထက်အရာရှိမှ လိုအပ်ချက်အရ ညွှန်ကြားလာသော တာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရမည်။

## အရည်အချင်းနှင့် လိုအပ်ချက်များ

- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိထားသူဖြစ်ရမည်။
- အသက်မွေးဝမ်းကြောင်းဆိုင်ရာ လုပ်ငန်းအတွေ့အကြုံရှိသူ ဖြစ်ရမည်။
- ဒေသတွင်း ဖွံ့ဖြိုးရေးနှင့် လူမှုရေးလုပ်ငန်းများကို တက်ကြွစွာ ပါဝင်ဆောင်ရွက်လိုစိတ်ရှိသူ ဖြစ်ရမည်။
- စီမံချက်လုပ်ငန်းခွင်ဒေသများသို့ ခရီးသွားလာနိုင်ရမည်။
- SCVG ၏ **ဘုံတန်ဖိုးထားမှုများ၊ ကလေးသူငယ်ဘေးကင်းလုံခြုံစေရေး မူဝါဒ**ကို သိရှိနားလည် လိုက်နာနိုင်ရမည်။
- အသင်းအဖွဲ့နှင့်အတူ ပူးပေါင်းဆောင်ရွက်လိုစိတ် ရှိပြီး လူမှုပေါင်းသင်းဆက်ဆံရေး ကောင်းမွန်သူ ဖြစ်ရမည်။
- ကွန်ပျူတာ၊ အင်တာနက်၊ အီးမေးလ်တို့ကို အခြေခံနားလည်ကျွမ်းကျင်သူ ဖြစ်ရမည်။

## လျှောက်ထားရန်

လျှောက်ထားလိုသူများသည် အလုပ်လျှောက်ထားရခြင်း၏ ရည်ရွယ်ချက်၊ ကိုယ်ရေးရာဇဝင်တို့နှင့်အတူ အောက်ဖော်ပြပါ လိပ်စာများသို့ လျှောက်ထားပေးစေလိုပါသည်။

အကြောင်းအရာတွင် "**စီမံချက်လက်ထောက်ရာထူးအတွက် အလုပ်လျှောက်ထားခြင်း (၂၀၄၂)**" ဟု ရေးသား၍ အီးမေးလ်လိပ်စာ info@scvg.org သို့ ပေးပို့လျှောက်ထားနိုင်ပါသည်။ သို့မဟုတ် အောက်ဖော်ပြပါ လိပ်စာအတိုင်း လူကိုယ်တိုင် လာရောက် ပေးပို့လျှောက်ထားနိုင်ပါသည်။ ယခုရာထူးအား စိတ်ဝင်စား၍ လျှောက်ထားမည်ဆိုပါက အရင်လျှောက်သူ အရင်ဦးစားပေးစနစ်ဖြင့် စဉ်းစားသွားမည်ဖြစ်ပါသည်။

**စီမံကိန်းမန်နေဂျာ**

SCVG ရုံး၊

အမှတ် ၂၃၄၊ ၁၃ လမ်း၊ ရန်ကျော်ရပ်၊ အောင်ချမ်းသာရပ်ကွက်၊ မကွေးမြို့။

- စုံစမ်းမေးမြန်းလိုပါက ရုံးဖွင့်ရက်များဖြစ်သော တနင်္လာနေ့မှ သောကြာနေ့အထိ နေ့စဉ် နံနက် (၀၉း၀၀) နာရီမှ ညနေ (၀၅း၀၀) နာရီအတွင်း ဖုန်း **၀၉ ၄၃၁ ၇၀၀ ၃၄** သို့ ဆက်သွယ်နိုင်ပါသည်။

**"အသက် (၃၅) နှစ်အောက်ရှိ နယ်ခံလူငယ်များကို လျှောက်ထားရန် အထူးအားပေးပါသည်။"**

**"ပဏာမ စီစစ်ရွေးချယ်ခံထားရသူများကိုသာ ရေးဖြေနှင့် လူတွေ့စစ်ဆေးမှုအတွက် ဆက်သွယ်ပါမည်။"**